**Panasonic**

# အသုံးပြုပုံလမ်းညွှန်

## (အိမ်သုံး) ဆံပင်ဖြောင့်စက်

Model No. EH-HS99



**Myanmar........................................ 3**

nanoe™

Myanmar

Panasonic®

# အသုံးပြုပုံလမ်းညွှန်

## (အိမ်သုံး) ဆံပင်ဖြောင့်စက်

Model No. EH-HS99

## မာတိကာ


**ဘေးကင်းရန်ကြိုတင်သတိပေးချက် ............... 6**
အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း ................... 10
အပူချိန်ထိန်းညှိခြင်းစနစ်အကြောင်း ..................... 11
**nanoe™** အကြောင်း ................................... 11
အကောင်းဆုံးဆံပင်ဖြောင့်ခြင်းအတွက်အကြံပြုချက်များ 12
အသုံးမပြုမီ ................................................ 13
ဆံပင်ဖြောင့်စက်အသုံးပြုပုံ ................................ 14
အသုံးမပြုပြီးနောက် ........................................ 14
သန့်ရှင်းရေးပြုလုပ်ခြင်း .................................. 15
ချို့ယွင်းမှုအဖြေရှာခြင်း .................................. 16
အသေးစိတ်အချက်အလက်များ .......................... 16
**AC Mains Lead** အတွက် သတိပေးချက် ........ 17


Panasonic စက်ပစ္စည်းအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။

**ဤစက်ပစ္စည်းအား အသုံးမပြုမီ အသုံးပြုပုံလမ်းညွှန်အား ဖတ်ရှုပြီး လမ်းညွှန်အတိုင်းအသုံးပြုပါ။**


nanoe™ သည် Panasonic ကော်ပိုရေးရှင်း၏ ကုန်အမှတ်တံဆိပ်ဖြစ်သည်။

nanoe™ သည် ရေမှုန်များဖြင့် ဖုံးအုပ်ထားသော နာနိုအရွယ် သတ္တုအမှုန်တစ်ခုဖြစ်သည်။

Myanmar

# သတိပြုရန်

- ဤစက်ပစ္စည်းသည် ကလေးများတွင် အသက်၈ နှစ် နှင့် အထက်မှစ၍ အသုံးပြုနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာအားနည်းသူများ အမြင်အာရုံ(သို့) စိတ်ပိုင်းဆိုင်ရာအားနည်းသူများ (သို့) အတွေ့အကြုံနည်းပါးသောသူများလည်း အသုံးပြုသူလမ်းညွှန်ပါ အန္တရာယ်ကင်းစွာ အသုံးပြုခြင်းနှင့် အန္တရာယ်ဖြစ်စေနိုင်သော အခြေအနေအား ကောင်းစွာနားလည်သဘော ပေါက်လျှင်အသုံးပြုနိုင်သည်။ ကလေးများ ဤကိရိယာဖြင့်မကစားသင့်ပါ။လမ်းညွှန်အား စူးစမ်းခြင်းမရှိဘဲ သန့်ရှင်းခြင်းနှင့် ထိန်းသိမ်းခြင်းအား ကလေးများမှ မပြုလုပ်သင့်ပါ။

- ဤစက်ပစ္စည်းအား သန့်စင်ခန်းအတွင်း အသုံးပြုပြီးနောက် ပါဝါပလတ်အား ဖြုတ်ပါ။ ကိရိယာ၏ အဖွင့်အပိတ်ခလုတ် ပိတ်ထားသော်လည်း ရေအားဖြင့်နီးကပ်လျှင် အန္တရာယ်ဖြစ်စေနိုင်သောကြောင့်ဖြစ်သည်။

- ထပ်တိုးကာကွယ်ခြင်း၊ လက်ကျန်ကိရိယာ(RCD) တပ်ဆင်ခြင်းသည် လက်ကျန်လည်ပတ်မှုအား မပိုလွန်စေ 30 mA လျှပ်အားသည် သန့်စင်ခန်းသုံးအတွက်သင့်တော်သည်။တပ်ဆင်သူအားအကြံဉာဏ်တောင်းခံပါ။



- ဤစက်ပစ္စည်းပေါ်မှ ပုံပါသင်္ကေတသည် “ရေအနီးတွင် အသုံးမပြုရ” ဟုဆိုလိုသည်။ ဤစက်ပစ္စည်းကို ရေချိုးကန်၊ ရေပန်း၊ ဘေစင် နှင့်အခြားသော ရေအိုးရေကန်များအနီးတွင် အသုံးမပြုပါနှင့်။
- တပ်ဆင်ကြိုးတွင် ပျက်စီးမှုတစ်စုံတစ်ရာရှိပါက ထုတ်လုပ်သူထံတွင် (သို့)ပြင်ဆင်ရေးဌာနတွင် (သို့)ကျွမ်းကျင်ပညာရှင် ထံတွင်သာ ပြင်ဆင်ရန်။

## ဘေးကင်းမှုအတွက် ကြိုတင်သတိပေးချက်

လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်း၊အသက်အန္တရာယ်ရှိခြင်းနှင့် အိမ်ရာအဆောက်အဦပျက်စီးဆုံးရှုံးခြင်းတို့မှ ကာကွယ်ရန် အောက်ပါသတိပေးချက်များကို အစဉ်အမြဲ လိုက်နာပါ။

### သင်္ကေတများ၏ အဓိပ္ပါယ်

အောက်ပါ သင်္ကေတများသည် စက်ပစ္စည်းလမ်းညွှန်အတိုင်း အသုံးမပြုပါက ဘေးအန္တရာယ်ဖြစ်နိုင်ခြင်း၊ထိခိုက်ဒဏ်ရာရနိုင်ခြင်း၊အိုးအိမ်အဆောက်အဦးများ ပျက်စီးဆုံးရှုံးနိုင်ခြင်းတိုကို အဆင့်ဆင့်ဖော်ပြသည်။

| | |
|---|---|
| ⚠ **WARNING** | ပြင်းထန်စွာဒဏ်ရာရနိုင်ခြင်း သို့မဟုတ် အသက်အန္တရာယ် ဖြစ်စေသော အခြေအနေကိုသတိပေးသည် |
| ⚠ **CAUTION** | ဒဏ်ရာအသေးစား သို့မဟုတ် အရာဝတ္ထုပစ္စည်းများ ထိခိုက်ပျက်စီးနိုင်သည့် အခြေအနေကို သတိပေးသည်။ |

အောက်ပါ သင်္ကေတများသည် လိုက်နာရမည့် လမ်းညွှန်ချက်အဆင့်ဆင့်ကို ဖော်ပြသည်။

| | |
|---|---|
| ⃠ | ဤသင်္ကေတသည် တစ်ခုခုကိုလုပ်ဆောင်ရန် တားမြစ်ကြောင်း သတိပေးဖော်ပြသည်။ |
| ❗ | ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ဘေးကင်းစွာလုပ်ဆောင်နိုင်ကြောင်း သတိပေးဖော်ပြသည်။ |

ပုံပါ "ဘေးကင်းမှုအတွက် ကြိုတင်သတိပေးချက်များ" သည် လက်တွေ့တွင် ကွာခြားနိုင်သည်။

## ⚠ သတိပေးချက်

**ကလေးများ လက်လှမ်းမှီနိုင်သော နေရာများတွင် မထားရ။ကလေးများကိုင်တွယ်အသုံးပြုရန် ခွင့်မပြုရ။**
- ထိုသို့ပြုမိလျှင် အပူလောင်ခြင်း၊ လျှပ်စစ်ရှော့ဖြစ်ခြင်း၊ ဒဏ်ရာအနာတရတို့ ဖြစ်စေနိုင်ပါသည်။

**ပြန်လည်ဆန်းသစ်ခြင်း၊အစိတ်အပိုင်းများဖြုတ်ခြင်း နှင့်တပ်ဆင်ခြင်းတို့ကို လုံးဝမပြုလုပ်ရန်။**
- ထိုသိုပြုလုပ်မိလျှင် ပုံမှန်မဟုတ်စွာလုပ်ဆောင်ပြီး ဒဏ်ရာရခြင်းနှင့် မီးဆွဲလောင်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။
  တရားဝင်ခွင့်ပြုချက်ရှိသော ပြုပြင်ရေးဌာနကိုဆက်သွယ်ပါ။

**ဝိုင်ယာစုနှင့် ပလပ်အုံကိုသတ်မှတ်ချက်ထက်ကျော်လွန်ပြီး အသုံးမပြုရ။**
- သတ်မှတ်ချက်ထက် ကျော်လွန်၍ ပလပ်အုံတစ်ခုအား ပလပ်ခေါင်းအများအပြားဖြင့် အသုံးပြုပါက အပူကဲ၍ မီးစွဲလောင်စေပါသည်။

**မီးကြိုးအား ရစ်ပတ်ခြင်း၊ ဆွဲဆန့်ခြင်း၊ အလွန်အမင်းခေါက်ချိုးခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးစေခြင်းများ မပြုလုပ်ပါနှင့်။**
**ကြိုးပေါ်တွင် လေးလံသောအရာများထားခြင်း၊ ဖိညှပ်ခြင်းများ မလုပ်ရပါ။**
- ထိုသို့ပြုလုပ်မိလျှင် ဆားကတ်ပြတ်တောက်ခြင်းကြောင့်၊ မီးလောင်ခြင်းနှင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းတို့ ဖြစ်ပေါ်စေပါသည်။

**မီးကြိုးအား ခေါက်လျက်အနေအထားဖြင့် အသုံးမပြုရ။**
- ထိုသို့အသုံးပြုလျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ခြင်းတို့ ဖြစ်ပွားနိုင်သည်။

**မီးကြိုးအား စက်ပစ္စည်းကိုယ်ထည်တွင် ရစ်ပတ်၍ မသိမ်းဆည်းပါနှင့်။**
- ထိုသို့ပြုလုပ်ခြင်းက မီးကြိုးအတွင်းရှိ ဝိုင်ယာကြိုးမျှင်များ ပြတ်တောက်စေနိုင်ပြီး ဆားကတ်ပြတ်တောက်ခြင်းကြောင့် လျှပ်စစ်ရှော့ခ် သို့မဟုတ် မီးလောင်ခြင်းတို့ ဖြစ်ပွားနိုင်သည်။



# ⚠ WARNING

မီးကြိုး သို့မဟုတ် ပလတ် အပူလွန်နေလျှင် သို့မဟုတ် ပျက်စီးနေလျှင် အသုံးမပြုပါနှင့်။
- ထိုသို့အသုံးပြုပါက အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ဆားကတ်ပြတ်တောက်၍ မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ပလတ်ထိုးရာတွင် မမိတမိဖြစ်နေပါက စက်ကိုမည်သည့်အခါမျှ အသုံးမပြုပါနှင့်။
- ထိုသို့အသုံးပြုပါက အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ဆားကတ်ပြတ်တောက်၍မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ရေစိုနေသောလက်ဖြင့် ပလတ်အား ဖြုတ်ခြင်း၊ တပ်ဆင်ခြင်း မပြုလုပ်ပါနှင့်။
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

ရေစိုနေသောလက်ဖြင့် စက်ပစ္စည်းအား အသုံးမပြုပါနှင့်။
- ထိုသို့ပြုလုပ်မိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ဆားကတ်ပြတ်တောက်၍ မီးလောင်ခြင်းတို့ ဖြစ်ပွားစေနိုင်ပါသည်။

ဖြောင့်ပြားပူနေသေးချိန် ပါဝါကွန်တက်တာဖွင့်လျက် စက်ပစ္စည်အား ချန်မထားခဲ့ပါနှင့်။
- ထိုသို့ပြုလုပ်မိပါက အပူလောင်ခြင်း၊မီးလောင်ခြင်းနှင့် ပတ်ဝန်းကျင်ရှိပစ္စည်းများအား အရောင်ပြောင်းစေခြင်း သို့မဟုတ် ပုံပန်းပျက်ခြင်းတို့ ဖြစ်စေနိုင်သည်။

စက်ပစ္စည်းအား ရေချိုးခန်းကဲ့သို့ စိုထိုင်းဆများသောနေရာများတွင် မသိမ်းဆည်းပါနှင့်။ ရေဖိတ်စင်နိုင်သောနေရာများတွင်လည်း မသိမ်းဆည်းပါနှင့်။(မျက်နှာသစ်ကန်၏ ဘောင် ကဲ့သို့ နေရာများ)
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

မီးလောင်လွယ်သော အရာများ (အရက်၊ ဘန်ဇင်း၊ သင်နာ၊ စပရေး၊ဆံကေသာအလှကုန်ပစ္စည်းများ၊ လက်သည်းဖျက်ဆေး)တို့ အနီးတွင် အသုံးမပြုပါနှင့်။
- ထိုသို့ပြုမိပါက မီးလောင်ခြင်းနှင့် ပေါက်ကွဲခြင်းတို့ ဖြစ်ပေါ် စေနိုင်သည်။

ဖြောင့်စက်အသုံးပြုနေချိန်တွင် မီးလောင်လွယ်သော ဆံကေသာအလှကုန်ပစ္စည်းများအား ဆံပင်တွင်သုတ်လိမ်းခြင်းမပြုပါနှင့်။
- ထိုသို့ပြုမိပါက အပူလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင် မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

စက်ပစ္စည်းအား ရေနစ်မြုပ်ခြင်းမပြုပါနှင့်။
စက်ပစ္စည်းအား ရေအနီးတွင်အသုံးမပြုပါနှင့်။
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့်မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

ခေါင်းစည်းကြိုးကဲ့သို့ ထူးဆန်းသောပစ္စည်းများဖြင့် nanoe™ အပေါက်အား ပိတ်ဆို့ခြင်း၊ ထည့်သွင်းခြင်းမပြုရ။
- ထိုသို့ပြုမိပါက အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့် မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေတတ်သည်။



ပုံမှန်မဟုတ်သောလည်ပတ်ခြင်း၊ လုပ်ဆောင်ချက်မှားယွင်းခြင်းတို့ ဖြစ်ပေါ်ပါက အသုံးပြုခြင်းအား ချက်ချင်းရပ်တန့်၍ ပလတ်ကိုဖြုတ်လိုက်ပါ။
- ထိုသို့မပြုမိပါက မီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

(ပုံမှန်မဟုတ်သောလည်ပတ်ခြင်းနှင့် လုပ်ဆောင်ချက်မှားယွင်းခြင်းဖြစ်စဉ်များ)
- ရံဖန်ရံခါ မိန်းယူနစ်ရပ်သွားခြင်း၊ မီးကြိုး သို့မဟုတ် ပလတ် သာမာန်ထက်ပူလာခြင်း။
- မိန်းယူနစ် ပုံပန်းပျက်နေခြင်း၊ ညော်နံ့ထွက်နေခြင်း။
- ဖော်ပြပါပြဿနာတစ်စုံတရာတွေ့ရှိပါက အမြန်ဆုံး တရားဝင်ပြင်ဆင်ရေးဌာနများတွင် စစ်ဆေးခြင်း၊ပြုပြင်ခြင်းများ ပြုလုပ်ပါ။

ပလတ်ကိုသေချာတပ်ဆင်ပါ။
စက်တွင်ဖော်ပြထားသော ဗို့(ဗ်)အားနှင့်အညီဖြစ်သော လျှပ်စစ်ဓာတ်အားဖြင့်သာ စက်ကို အသုံးပြုပါ။
- ထိုသို့မဟုတ်ပါက အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့် မီးလောင်ခြင်းတို့ ဖြစ်စေနိုင်သည်။

# ⚠ WARNING

**အသုံးပြုပြီးတိုင်း ပါဝါခလုတ်ကိုပိတ်၍ ပလတ်ကိုဆွဲထုတ်ပါ။**
- ထိုသို့မပြုမိပါက အပူလောင်ခြင်း သို့မဟုတ် မီးလောင်ခြင်းတို့ ဖြစ်စေနိုင်သည်။

**ဖုန်တက်ခြင်းမှကာကွယ်ရန် ပလတ်ကို ပုံမှန်သန့်ရှင်းပါ။**
- ထိုသို့ မပြုလုပ်ပါက လျှပ်စီးမှုကို ပျက်ယွင်းစေပြီး မီးလောင်စေနိုင်သည်။ ပလတ်ကိုဖြုတ်၍ ခြောက်သွေ့သောအဝတ်ဖြင့် သုတ်ပါ။

**စက်ပစ္စည်းအား ရေချိုးခန်းအတွင်း အသုံးပြုလျှင်၊အသုံးပြုပြီးသည်နှင့် ပလတ်ကို ဖြုတ်ပါ ပါဝါခလုတ်ပိတ်ထားသော်လည်း ရေအားကြောင့် အန္တရာယ်ရှိနိုင်သောကြောင့် ဖြစ်သည်။**
- ထိုသို့မဟုတ်ပါက မတော်တဆမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း တို့ ဖြစ်နိုင်သည်။

# ⚠ CAUTION

**လျှပ်စစ်ကြိုး လိမ်ခေါက်နေသောအနေအထားဖြင့် မသိမ်းဆည်းရ။**
- ထိုသို့ပြုမိပါက ကြိုးအတွင်းမှ ဝိုင်ယာကြိုးမျှင်လေးများ ပြတ်တောက်ကာ လျှပ်စစ်ရှော့ခ် ဖြစ်ခြင်း သို့မဟုတ် ဆားကတ်ပြတ်တောက်မှုကြောင့် မီးလောင်ခြင်းတို့ ဖြစ်ပွားစေနိုင်ပါသည်။

**စက်ကိုအောက်သို့ မပြုတ်ကျစေပါနှင့် သို့မဟုတ် ရှော့ခ် မဖြစ်ပါစေနှင့်။**
- ထိုသို့ဖြစ်ခဲ့ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးပွားမှမီးစွဲလောင်ခြင်းတို့ ဖြစ်ပွါးစေနိုင်ပါသည်။

**၂နှစ်အောက်ကလေးများတွင် အသုံးမပြုပါနှင့်။**
- အသုံးပြုမိခဲ့ပါက အပူလောင်နိုင်ပါသည်။

**ဖြောင့်စက် ထိပ်အစွန်းများအား အသုံးပြုနေစဉ် (သို့) အသုံးပြုပြီးပြီးချင်း မကိုင်တွယ်ရ။**
- ကိုင်တွယ်မိပါက အပူလောင်နိုင်သည်။



**အပူဘက်ခြမ်းဖြင့် အရေပြားကို မထိတွေ့ပါစေနှင့်။ (နား၊ နဖူး၊ လည်ပင်း အစရှိသည်ဖြင့်.......)**
- ထိုသို့ထိမိပါက အပူလောင်နိုင်ပါသည်။

**ဖြောင့်စက်ပြားအား အလွန်မပာရ။**
- ထိုသို့ပြုမိပါက အပူလောင်နိုင်ပါသည်။

**ဆံကေသာတွင် ကြာရှည်ခံကောက်ရည်အသုံးပြု၍ ဖြောင့်စက်အားအသုံးမပြုရန်။**
- ထိုသို့သုံးမိပါက အရေပြား သို့မဟုတ် ဆံကေသာတွင် ပြဿနာဖြစ်စေနိုင်သည်။

**ဤပစ္စည်းအား လူဆံကေသာအတွက်မှလွဲ၍ အခြားနေရာများတွင် အသုံးမပြုပါနှင့်။ (အိမ်မွေးတိရစ္ဆာန်များနှင့် အစရှိသည်.......များတွင်မသုံးရ)**
- ထိုသို့ပြုမိပါက အပူလောင်ခြင်းဖြစ်ပေါ်နိုင်ပါသည်။

# ⚠ CAUTION

ဤစက်ပစ္စည်းအား ဆံသား၏ တူညီသောအပိုင်းတွင် ၂ခါထက်ပိုမသုံးပါနှင့်။
- ထိုသို့ပြုလုပ်မိပါက အပူလောင်ခြင်း (သို့) ဆံသားပျက်စီးခြင်းတို့ ဖြစ်စေနိုင်သည်။

---

အသုံးပြုပြီးနောက် ပလတ်ကို ပလတ်အုံမှ ပြန်ဖြုတ်ပါ။
- ထိုသို့မပြုလုပ်ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း (သို့) လျှပ်ကာမှ လျှပ်စီးယိုစိမ့်ကာ မီးလောင်ခြင်းတို့ ဖြစ်ပွားစေနိုင်သည်။

---

ဖြောင့်စက်အား ကိုယ်ထည်မှ ကိုင်တွယ်ပါ။ သို့လျှင် အသုံးပြုချိန်အတွင်း လက်ချောင်းများ စက်၏အစွန်းသို့မထိတော့ပါ။
- ထိုသို့မပြုမိပါက လက်ချောင်းများညှပ်မိ၍ ဒဏ်ရာအနာတရဖြစ်စေနိုင်ပါသည်။



---

ပလတ်ဖြုတ်ရာတွင် ပလတ်ကိုယ်ထည်မှ ကိုင်၍ဖြုတ်ပါ၊ ဝါယာကြိုးမှ ဆွဲမဖြုတ်ပါနှင့်။
- ထိုသို့မလုပ်မိပါက ဝါယာကြိုးအတွင်းမှ ကြေးနန်းကြိုးများ ပြတ်တောက်ကာ အပူလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်နှင့် ဆားကတ်ပြတ်တောက်မှုကြောင့် မီးလောင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

---

ဖြောင့်စက်အား ဆံသားတစ်လျှောက် အပေါ်မှအောက်ဖက်သို့ ရပ်နားခြင်းမရှိ ဆွဲချပါ။
ဖြောင့်စက်အား သန့်ရှင်း၊ ခြောက်သွေ့ပြီး ရှုပ်ထွေးမှုကင်းသော ဆံသားတွင်သာ အသုံးပြုပါ။
အကြံပြုထားသောအပူချိန်သည် ဆံသားအမျိုးအစားပေါ်တွင်မူတည်သည်။
(စာမျက်နှာ၁၃)
- ထိုသို့မပြုမိပါက အပူလောင်ခြင်း (သို့) ဆံသားပျက်စီးခြင်းတို့ ဖြစ်စေနိုင်သည်။

---

► မှတ်ချက်များ
- ပုံသွင်းခြင်းသည် တစ်ရက်အတွင်းသာဖြစ်သည်။
  ခေါင်းလျှော်ပြီးနောက် ပုံမှန်ဆံသားသို့ ပြောင်းသွားမည်။
- nanaoe™ နှင့် ဖြောင်ဆင်းခြင်း၏အကျိုးသက်ရောက်မှုသည် တစ်ဦးချင်းအလိုက် ကွာခြားမည်။

# အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း




L 

Ⓐ ဖြောင့်စက်ပြားထိပ်
Ⓑ **nanoe™** ထွက်ပေါက်
Ⓒ ရေငွေ့ဝင်ပေါက်
Ⓓ အဖွင့်/အပိတ်ပြလော့ခ်
Ⓔ ပလပ်ကြိုး
Ⓕ ပလပ်ခေါင်း
Ⓖ မီးပူပြား
Ⓗ **nanoe™** မီးခွက်
Ⓘ အပူချိန်ထိန်းညှိခလုတ်
Ⓙ ပါဝါခလုတ်
Ⓚ အပူချိန်ပြမီးခွက်

## တွဲဖက်ပစ္စည်း

Ⓛ သန့်ရှင်းရေးဘရပ်ရှ် **(nanoe™** ထွက်ပေါက်အတွက်)

### အဖွင့်/အပိတ်လော့ခ်အကြောင်း

ဖွင့်/ပိတ်ရန် အဖွင့်/အပိတ်လော့ခ်ကို ဆွဲပါ။




**► မှတ်ချက်**

- လော့ခ်ပိတ်ထားချိန်တွင် အားဖြင့်ဆွဲဖွင့်ခြင်းမပြုလုပ်ရ။ ၎င်းသည် စက်ပစ္စည်းအား ပျက်စီးစေနိုင်သည်။

# အပူချိန်ထိန်းချုပ်မှုစနစ်အကြောင်း

## Standby စနစ်

အပူချိန် ချိန်ညှိစနစ်သည် 230°C၊200°C၊180°C ဖြစ်လျှင် ဖြောင့်စက်အား ၁၀မိနစ်အတွင်း အသုံးမပြုခဲ့ပါက အပူချိန်သည်အလိုအလျောက် 170°C သို့ လျော့ကျသွားမည်ဖြစ်သည်။




အချက်ပြမီးသည် 230°C မှ200°C၊180°C နှင့် 170°C အတွင်းတစ်ဆင့်စီ ကူးပြောင်းသွားမည်။

ဖြောင့်စက်အား တစ်ကြိမ်အသုံးပြုခဲ့ပြီး (သို့) [ - ] (သို့) [ + ] အပူချိန်ညှိခလုတ်အား နှိပ်ပြီးနောက် အပူချိန်သည် 230°C၊200°C နှင့် 180°C သို့ ပြန်လည် ရောက်ရှိသွားမည် ဖြစ်သည်။




230°C၊200°C နှင့် 180°C ဟူ၍ အချက်ပြမီးလင်းလာမည်။(အသုံးပြုမှုပေါ်မူတည်၍ အချက်ပြမီး ဖျက်ခနဲ့ မလင်းခြင်းလည်းဖြစ်နိုင်သည်။)

▶ မှတ်ချက်

- ဆံသားအား ဖြောင့် မီးပူပြား၏အလည်တွင်ထား၍ အသုံးပြုပါ။
  (ဆံသားအားဖြောင့် မီးပူပြား၏ အစွန်းတွင်ထား၍ အသုံးပြုပါက ဖြောင့်စက်မှ သတိပြုမိမည် မဟုတ်ပါ။)

## အလိုအလျောက်ပိတ်ခြင်းစနစ်

အသုံးပြုချိန် ၆၀မိနစ် ကျော်သည်နှင့် ယူနစ်အလိုအလျောက်ပိတ်သွားမည်ဖြစ်သည်။
ထိုယူနစ်အားအသုံးနေစဉ်အတွင်းပင် ပါဝါပိတ်သွားမည်၊ထို့ကြောင့် ဤဖြစ်စဉ်တွင် ပါဝါခလုတ်အား နောက်တစ်ကြိမ်ထပ်ဖွင့်ရန်လိုအပ်သည်။
ထိုယူနစ်အားအသုံးပြုပြီးနောက် ပါဝါခလုတ်အားပိတ်ရန် မေ့ခဲ့လျှင်ပင် ၆၀မိနစ်နောက်ပိုင်းတွင် အလိုအလျောက်ပိတ်သွားမည်ဖြစ်သည်။

# nanoe™ အကြောင်း

## nanoe™ဆိုတာဘာလဲ?

nanoe™ သည် ရေထုအတွင်းမှ သတ္တုအမှုန်လေးများဖြစ်ပြီး သာမာန်မျက်လုံးဖြင့် မမြင်နိုင်ပါ။
nanoe™ မှာ လေထုထည်းမှ ရေများကို စုပေါင်းစေသောကြောင့် ပတ်ဝန်းကျင်ပေါ်တွင် မူတည်၍ ထိုဖြစ်စဉ်အား ဖြစ်ပေါ်ရန်ခက်ခဲသော အခြေအနေများလည်းရှိနိုင်သည်။အပူချိန်နှင့် စိုထိုင်းဆနည်းနေလျှင် လေထုအတွင်းရှိရေမှုန်များကိုစုစည်းရန် ခက်ခဲနိုင်သည်။၎င်းသည် အမဒိုင်းယွန်းလေးများဖြစ်ပေါ်ချိန်ဖြစ်သည်။
(Nanoe™ နှင့် အမဓာတ်အိုင်းယွန်း ဖြစ်စဉ် ဗို့အားပြင်းထုတ်လွှတ်ခြင်း)

## nanoe™ အလုပ်လုပ်ပုံ

ယေဘုယျအားဖြင့် ဆံသားသည် လျှပ်စစ်ဓာတ်တွင် အပြည့်သော ပျော်ဝင်ရန်လွယ်ကူသော ဂုဏ်သတ္တိရှိသည်။ ၎င်းဂုဏ်သတ္တိသည် အမဂုဏ်သတ္တိရှိသော nanoe™ ကို အထူးဆွဲငင်၍ အစိုဓာတ်အားဆံသားအတွင်းသို့ ထိုးဖောက်စိမ့်ဝင်စေသည်။ထို့အပြင် ၎င်းသည် ဆံသားအား အနည်းငယ် အက်စစ်ထစေကာ၊ ဆံသားအလွှာအား တင်းရင်းစေပြီး ဆံသားအား ကျန်းမာပျော့ပြောင်းသန်စွမ်းစေသည်။

▶ မှတ်ချက်

- ဤစက်အားအသုံးပြုနေစဉ်အတွင်း ထူးဆန်းသောအနံ့အသက်အား သတိထားမိလိမ့်မည်။ ထိုသို့ဖြစ်ခြင်းသည် ၎င်း၏အိုဇုန်းထုတ်လွှတ်မှုကြောင့်ဖြစ်ပြီး လူ့ခန္ဓာကိုယ်အား အန္တရာယ်မပြုပါ။
- nanoe™ အပေါက်မှ တစီစီမြည်သောအသံများ ကြားရနိုင်သည်။၎င်းအသံသည် nanoe™ လည်ပတ်မှုကြောင့် ဖြစ်ပြီး စက်ချွတ်ယွင်းခြင်းမဟုတ်ပါ။

## အကောင်းဆုံးဆံပင်ဖြောင့်ခြင်းအတွက်အကြံပြုချက်များ

**1** ခေါင်းကိုသပ်ရပ်သေချာစွာ ဘရပ်ရှ်ဖြင့် ဖြီးပါ။

**2** ပုံတွင်ပြထားသည့်အတိုင်း ဆံပင်အား အပိုင်းများခွဲ၍စည်းပါ။

- ဆံသားထူပါက အပိုင်းများစွာခွဲ၍ ပုံသွင်းခြင်းက ပို၍လွယ်ကူစေပါသည်။




**3** ပါဝါပိတ်ပြီးလေ့ကျင့်ပါ။

- ကျင့်သားရသည်အထိ ပါဝါပိတ်ပြီးလေ့ကျင့်ပါ။

### ပုံသွင်းခြင်းအဆင့်ဆင့်

ဦးခေါင်း၏အနောက်ဘက်ခြမ်းမှ စတင်ကာ အဆင့်ဆင့် (၁-၂-၃-၄)ပုံသွင်းပါ။




### ဆံသားအမျိုးအစားများနှင့် ဆံပင်ဖြောင့်ခြင်းလမ်းညွှန်များ

ဆံပင်ဖြောင့်ခြင်းရလာဒ်သည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ဆံသားအမျိုးအစားနှင့် ကောက်သား ပမာဏပေါ်မူတည်သည်။

| | |
|---|---|
| ဖြောင့်ရန်ခက်ခဲသောဆံသားအမျိုးအစားများ | ဆံသားကြမ်း၊ကောက်ကွေးနေသောဆံသား |

### ဆံပင်ဖြောင့် စက်ပစ္စည်းအကြောင်း

- အိမ်သုံးဖြောင့်ဆီအသုံးပြုပြီးချက်ချင်း ဖြောင့်စက်အားအသုံးမပြုပါနှင့်။ထိုသို့အသုံးပြုပါက ဆံသားပျက်စီးစေနိုင်သည်။(ဖြောင့်စက်အား ဖြောင့်ဆီအသုံးပြုပြီး ၃ – ၄ရက်ကြာမှ အသုံးပြုရန်။ဖြောင့်စက်အား အလှပြင်ဆိုင်များတွင်ဆံသားပြုပြင်ပြီး ၃ – ၄ရက်ခြားကာ အသုံးပြုရန်။

### အရောင်ဆိုးဆေးများအကြောင်း

- အရောင်ဆိုးခြင်းသည်ဆံသားအား ထိခိုက်ပျက်စီးစေနိုင်သည်။ဖြောင့်စက်အား ဆေးဆိုးပြီး ၃ – ၄ရက်အကြာမှသာ အသုံးပြုပါ။ ယာယီဆိုးဆေးများ အသုံးပြုထားပါက ၊ ခေါင်းလျှော်ပြီး ဆံသားခြောက်သွေ့သွားမှ အသုံးပြုရန်။

- အရောင်ဆိုးဆေးများသည် အရောင်ထွက်ရန်အချိန်လိုအပ်သည်။ယာယီအရောင်ဆိုးခြင်း ဖြစ်စဉ်တွင် သေချာစွာမဆေးကြောပါက ဖြောင့်စက်အား ပေကျံစေနိုင်သည်။ ဆံသားသည် လည်း ရေစိုနေလျှင် မဖြောင့်နိုင်ပါ။

# အသုံးမပြုခင်

## မီးပူပြားအား အပူပေးခြင်း

**1** အဖွင့်/အပိတ်လော့ခ်ကို လွှတ်လိုက်ပါ။




**2** ပလပ်အား အိမ်သုံးပလပ်အုံတွင် တပ်ဆင်ပါ။

**3** ဖြောင့်စက်အားဖွင့်ရန် ပါဝါခလုတ်ကိုနှိပ်ပါ။

- nanoe™ အချက်ပြမီး လင်းလာမည်။
- အပူချိန်ညှိအချက်ပြမီးသည် 150 တွင် ရှိကြောင်းအတည်ပြုပါ။




▶ မှတ်ချက်

- အပူချိန်ပြမီးအားလုံး အချက်ပြနေလျှင် ဖြောင့်စက်အားအသုံးမပြုပါနှင့်။

**4** အပူချိန်ညှိခလုတ်အသုံးပြု၍ ဆံသား၏ လက္ခဏာနှင့် အခြေအနေ အလိုက် အပူချိန်ညှိပါ။

- ဖြောင့်စက်အားပထမဆုံးအကြိမ် အသုံးပြုပါက၊ အပူချိန်အား ၁၅၀ တွင်သာ ထားပါ။




- အပူချိန်ညှိခလုတ်တွင် [ + ]အပူချိန်မြှင့် နှင့် [ – ]အပူချိန်နိမ့် ဖြစ်သည်။

| အချက်ပြမီး | အပူချိန် | ဆံသား အမျိုးအစား | ဆံသား အခြေအနေ |
|---|---|---|---|
| 230 | အနီးစပ်ဆုံး 230 °C | အကောက် | အနည်းငယ် ပျက်စီး |
| 200 | အနီးစပ်ဆုံး 200 °C | ↕ | ↕ |
| 180 | အနီးစပ်ဆုံး 180 °C | | |
| 170 | အနီးစပ်ဆုံး 170 °C | | |
| 150 | အနီးစပ်ဆုံး 150 °C | အဖြောင့် | ပျက်စီး |

- အပူချိန်ညှိအချက်ပြမီး ပြောင်းလဲကြောင်းအတည်ပြုပါ။
- အပူချိန်အချက်ပြမီး ရွေးချယ်ထားသောနေရာတွင်ရပ်၍လင်းနေပါက ဖြောင့်စက်သည် ရွေးချယ်ထားသောအပူချိန်တွင်ရှိသည်။
(ပတ်ဝန်းကျင်အလိုက် အပူချိန် လည်ပတ်ချိန်သည် ကွာခြားမည်။)

▶ မှတ်ချက်များ

- အပူချိန်အဆင့် ၂၀၀ ကျော်ပါက အပူချိန်မြင့်၍ဆံသားအား ထိခိုက်စေနိုင်သည်။ ထိုအဆင့်တွင်အချိန်ကြာမြင့်စွာ အသုံးပြုခြင်းကို ရှောင်ရှားရန် အကြံပြုပါသည်။ ထိုသို့အသုံးပြုခြင်းအား သင့်တော်သော ဆံသားအခြေအနေတွင်သာ ပြုလုပ်ပါ။
- ဖြောင့်စက်သည် ခလုတ်ဖွင့်ပြီး ၃၀စက္ကန့် နောက်ပိုင်းတွင်အပူချိန် (100°C ဝန်းကျင်) သို့ ရောက်ရှိမည်။

## ဖြောင့်စက်အသုံးပြုပုံ

အသုံးမပြုခင် အပူချိန်စနစ်အချက်ပြမီးမှိတ်တုတ်မှိတ်တုတ်ဖြစ်မနေဘဲ မီးရောင်ဖြာနေကြောင်း အတည်ပြုပါ။

### ဆံပင်ဖြောင့်ခြင်း

**1** ၁ အနံ ၅စင်တီမီတာခန့်ရှိသော ဆံသားတစ်ပိုင်းကို ခွဲယူပါ။

- ဆံသားအများအပြားခွဲယူခြင်းက ဆံပင်ဖြောင့်ရန်ခက်ခဲ စေနိုင်သည်။

**2** ဆံပင်ခွဲပိုင်းအား မီးပူပြားအလည်သို့ စွဲမြဲစွာ ညှပ်ပါ။





- လက်နှစ်ဖက်အသုံးပြု၍ ဖြောင့်ပြားထိပ်များကို ဖိကိုင်ကာ ကောက်သားများကို ဖြောင့်ပါ။
- အားအလွန်အကျွံအသုံးမပြုပါနှင့်။ ဆံပင်ထိပ်ဖျားများ ကွဲအက်နိုင်သည်။

**3** ဆံသားညှပ်ထားသည့်အတိုင်း ဖြောင့်စက်အား ဆံပင်ထိပ်ဖျားသို့ ဖြောင့်တန်းစွာ ဆွဲယူပါ။



- ဖြောင့်စက်အား ဖြေးညှင်းစွာ ရွှေ့လျားပါ။ (ပုံမှန်ခေါင်းဖီးသည့်အရှိန်ထက် နှေးပါ)
- ထပ်မံပြုလုပ်ပါ။ဆံသားခွဲပိုင်း၏ အနိမ့်ပိုင်းမှစတင်ပါ။
- ဆံသားညှပ်ပြီးပါက ဖြောင့်စက်အား တစ်နေရာထည်းတွင် ကိုင်မထားရ။

**4** အသုံးပြုပြီးနောက် ဖြောင့်စက်ပိတ်ရန် ပါဝါခလုတ်ကို နှိပ်၍ပိတ်ပါ။




- nanoe™ နှင့် အပူချိန်ပြ မီးများပိတ်ကြောင်း အတည်ပြုပါ။

▶ မှတ်ချက်များ
- ဆံပင်ဖြောင့်ပြီးနောက် ဆံသားအား ခေါင်းလိမ်းခရင်မ် သို့မဟုတ် ဖယောင်း စသည်တို့ အသုံးပြု၍ ပုံသွင်းပါ။
- မီးလောင်လွယ်သော အလှကုန်ပစ္စည်းများအသုံးပြုခြင်းကို ရှောင်ကြဉ်ပါ။ ၎င်းပစ္စည်းများသည်အပူချိန်မြင့်သောအခါ ဓာတ်ငွေ့ထုတ်နိုင်သောကြောင့် ဖြစ်သည်။

## အသုံးပြုပြီးနောက်

**1** ပလတ်အား ပလတ်အုံမှ ဖြုတ်ပါ။

**2** ဖြောင့်မီးပူပြားအား အဖွင့်/အပိတ် လော့ခ်ဖြင့် ပိတ်၍ သိမ်းဆည်းပါ။



# သန့်ရှင်းရေး ပြုလုပ်ခြင်း

ပတ်အုံမှပလတ်ဖြုတ်ပြီး ဖြောင့်စက် အပူချိန်လျော့အေးသွားမှသာ သန့်ရှင်းရေးပြုလုပ်ပါ။

## nanoe™ ထွက်ပေါက်အား သန့်ရှင်းခြင်း

- nanoe™ ထွက်ပေါက်အား တစ်လတွင်တစ်ကြိမ်ခန့်သန့်ရှင်းပါ။
- ဖောင့်စက်အားထိုသို့ ထိန်းသိမ်းခြင်းသည် nanoe™ ၏ လည်ပတ်နိုင်မှုကို အချိန်ကြာမြင့်စွာ အကျိုးပြုသည်။

**1** မီးပူပြားအား အဖွင့်/အပိတ် လော့ခ်ဖြင့် ပိတ်ပါ။




**2** သန့်ရှင်းရေးဘရပ်ရှ်အား အခြေထိ၊ **nanoe™** ထွက်ပေါက်ရှိ သတ္တုအပိုင်း(**a**) အထိရောက်အောင်ထည့်ပါ။




**3** သတ္တုအပိုင်းအား ၁၀ ကြိမ်ခန့် ဘရပ်ရှ်ဖြင့် အပြန်အလှန် ပွတ်တိုက်သန့်ရှင်းပေးပါ။ (**nanoe™**ထွက်ပေါက်သည် နှစ်ဖက်လုံးတွင် တည်ရှိသည်။)



(On both sides)

## ဖြောင့်စက်အား သန့်ရှင်းရေးပြုလုပ်ခြင်း

- ယူနစ် ညစ်ပေလာလျှင် (သို့) ပုံသွင်းအလှကုန်များ စက်တွင် ပေကျံသွားလျှင် ၊အဝတ်စ တစ်ခုအား ဆပ်ပြာရည်တွင်စိမ်ကာ ပြောင်စင်သည်အထိရေညှစ်ကာ ယူနစ်အား သုတ်၍ သန့်ရှင်းပါ။
- အယ်ကိုဟောလ် ၊လက်သည်းဖျက်ဆေး (သို့) ချေးချွတ်ဆေး(လက်ဆေးဆပ်ပြာရည် စသည်တို့.....)အသုံးမပြုပါနှင့်။
  ၎င်းတို့အသုံးပြုမိလျှင် ဖြောင့်စက် မျက်နှာပြင်တွင် အစင်းကြောင်းများ သို့ အရောင် ပျယ်ခြင်းများဖြစ်နိုင်သည်။

## ချို့ယွင်းမှု အဖြေရှာခြင်း

| ချို့ယွင်းမှု | | ဖြစ်နိုင်သော အကြောင်းအရာ | | လုပ်ဆောင်ရန် |
|---|---|---|---|---|
| • nanoe™ ထွက်ပေါက်အတွင်းတွင် မီးပွားလေးများလည်ပတ်တည်ရှိသည်။<br>• nanoe™ ထွက်ပေါက်သည် အသံတစ်မျိုးကိုထုတ်လွှတ်သည်။ (တစ်ဖြောက်ဖြောက်မြည်သံ) | ► | ဖုန်၊ ပုံသွင်းအလှကုန်များ...စသည်တို့ nanoe™ လည်ပတ်သောနေရာတွင် တွယ်အပ်ပုံစံ စုဝေးကပ်တွယ်နေလျှင်။ | ► | တွယ်ကပ်နေသောအရာများကိုဖယ်ရှားရန် nanoe™ ထွက်ပေါက်အားသန့်ရှင်းပါ။ |
| အပူချိန်အား [230] [200] (သို့) [180] တွင်ထားရှိလျှင် ၎င်းသည် 230°C၊ 200°C နှင့် 180°C အတွင်း အလှည့်ကျအချက်ပြနေမည်။ | ► | ၎င်းသည် standby mode တွင်ရှိနေလျှင်။ | ► | ပြန်လည်စတင်လျှင် [+] သို့မဟုတ် [−] အပူချိန်ခလုတ်အားနှိပ်ကာအပူချိန် 230°C, 200°C သို့မဟုတ် 180°C သို့ပြန်လည်ချိန်ညှိပါ။ |
| အပူချိန်ပြမီးခွက်များအားလုံး အချက်ပြနေခြင်း။ | ──── | ──── | ► | ဝယ်ယူခဲ့သော အရောင်းဆိုင်ထံတွင် စစ်ဆေးရန် သို့မဟုတ် ပြုပြင်ရန် တောင်းဆိုပါ။ |
| အပူချိန်လည်ပတ်ရန် အချိန်ကြာခြင်း။ | ► | အပူချိန်(100°Cဝန်းကျင်)သို့ ရောက်ရှိရန် ကြာချိန်သည် နယ်မြေအရပ်ဒေသအလိုက် ကွာခြားသည်။<br>100-120V:30 စက္ကန့်ဝန်းကျင်<br>220-240V:30 စက္ကန့်ဝန်းကျင် | | |

အထက်ပါအကြောင်းရာများဖြင့် မဖြေရှင်းနိုင်ပါက သင်ဝယ်ယူခဲ့သော အရောင်းဆိုင် သို့မဟုတ် Panasonic ၏တရားဝင် ပြုပြင်ရေးဌာနများအားဆက်သွယ်၍ ပြုပြင်ပါ။

## ချို့ယွင်းမှု အဖြေရှာခြင်း

| | | |
|---|---|---|
| ပါဝါထောက်ပံ့မှု | 100 - 120 V∼<br>50 - 60 Hz | 220 - 240 V∼<br>50 - 60 Hz |
| ပါဝါသုံးစွဲအား | 38 W | |

အားအသုံးပြုခြင်းပမာဏသည် အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း အားဖြည့်သွင်းသော ပျမ်းမျှကြိမ်နှုန်းအဖြစ် ဖော်ပြသည်။
ဤစက်ပစ္စည်းသည် အိမ်သုံးအတွက်သာ ရည်ရွယ်သည်။

## AC Mains Lead အတွက်သတိပေးချက်

သင်၏ ဘေးကင်းမှုအတွက် အောက်ဖော်ပြပါ စာကြောင်းများကို သေချာစွာဖတ်ပါ။
ဤစက်ပစ္စည်းအား သုံးစွဲသူ၏ အန္တရာယ်ကင်းမှုနှင့် လွယ်ကူစွာအသုံးပြုနိုင်မှုတို့အတွက် ပလတ်အားမိုသုံးခုဖြင့် ထောက်ပံ့ထားသည်။
13 Ampera ဖြူးသည်ဤပလတ်တွင် အံကိုက်ဖြစ်သည်။
ဖြူးအား အစားထိုးရန်လိုအပ်လျှင် အစားထိုးမည့် ဖြူးသည် ASTA သို့မဟုတ် BSI နှင့် BS1363 တို့၏ အသိမှတ်ပြု အဆင့်သတ်မှတ်ချက်ပါကြောင်း အတည်ပြုပါ။
ဖြူးပေါ်တွင် ASTA( ) သို့မဟုတ် BSI ( )တို့၏ အမှတ်အသားကို စစ်ဆေးပါ။

ပလတ်တွင် ဖြုတ်နိုင်တပ်နိုင်သော ဖြူးအစွပ်ပါပါက အစားထိုးမည့် ဖြူးသည် ထိုအစွပ်နှင့် အံကိုက်ဖြစ်မဖြစ် စစ်ကြည့်ပါ။
ဖြူးအစွပ်ပျောက်ဆုံးသွားလျှင် အစားထိုးအစွပ်မရရှိခင်အထိ ပလတ်အားအသုံးပြုနိုင်မည်မဟုတ်ပါ။
အစားထိုးအစွပ်အား နီးစပ်ရာအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

**သတိပေးချက်**

မိုအံကိုက်ဖြစ်နေသောပလတ်သည် သင့်အိမ်ရှိပလတ်ပေါက်နှင့် အံဝင်ဂွင်ကျဖြစ်မနေပါက အန္တရာယ်ကင်းမှုအတွက် ပလတ်အားဖြုတ်တောက်ကာ ဖြူးအားဖယ်ရှားသင့်သည်။
ဖြတ်တောက်ထားသော ပလတ်ကို 13 Ampera ပလတ်ပေါက်အတွင်းသို့ ထည့်သွင်းတပ်ဆင်ပါက လျှပ်စစ်ရှော့ခ် ဖြစ်နိုင်သည်။

### ဤပလတ်သည်ရေစိုခံမဟုတ်ပါ – ခြောက်သွေ့စွာ ထားပါ

### အသုံးမပြုခြင်း

ဆက်စပ်ထားသောအဖုံးအားဖယ်ရှားပါ။

### ဖြူးအစားထိုးပုံ

AC အဓိကပလတ် အမျိုးအစားအလိုက် ဖြူးတည်ရှိသော နေရာကွာခြားနိုင်သည်။ (ပုံ A နှင့်B)
AC အဓိကပလတ်အံဝင်ဂွင်ကျဖြစ်ပြီး အောက်ဖော်ပြပါအညွှန်းများအားလိုက်နာကြောင်း အတည်ပြုပါ။ အညွှန်းပါပုံသည် လက်တွေ့AC mains ပလတ်နှင့်ကွာခြားနိုင်သည်။

1. ဖြူးအစွပ်အား ဝက်အူလှည့်ဖြင့် ပိတ် သို့မဟုတ် တွဲပါ။

ပုံ A



ပုံ B




2. ဖြူးအစားထိုးပြီးနောက် ဖြူးအစွပ်အား ပိတ် သို့မဟုတ် တွဲပါ။

ပုံ A




ပုံ B



## ပစ္စည်းဟောင်းစွန့်ပစ်ခြင်း

### ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ပြန်လည်အသုံးပြုစနစ်ကျင့်သုံးသည့် နိုင်ငံများအတွက်သာ



စက်ပစ္စည်း၊ အထုပ်အပိုးနှင့် ဆက်စပ်ပါစာရွက်စာတမ်းများတွင် ပါရှိသည့် ဤသင်္ကေတသည် အသုံးပြုပြီးလျှပ်စစ်နှင့်ဆိုင်သော သို့မဟုတ် လျှပ်စစ်သုံးပစ္စည်းများအား အိမ်သုံး စွန့်ပစ်ပစ္စည်းများဖြင့် မရောနှောရဟုဆိုလိုသည်။

သာမာန်ပြုပြင်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း နှင့် ပစ္စည်းဟောင်းများအား ပြန်လည်အသုံးချခြင်းတို့အား သုံးစွဲသူတို့၏ နိုင်ငံတော်ဥပဒေနှင့်အညီ သက်ဆိုင်ရာစုဆောင်းရေးနေရာများသို့ ယူဆောင်ပါ။

၎င်းတို့အား နည်းလမ်းတကျစွန့်ပစ်ခြင်းဖြင့် အဖိုးတန်အရင်းအမြစ်များ၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင့်အတွက်ဖြစ်ပေါ်စေနိုင်သော ဆိုးကျိုးများအား လျှော့ချကာကွယ်နိုင်မည်ဖြစ်သည်။

စုဆောင်းခြင်းနှင့် ပြန်လည်အသုံးချခြင်း ဆိုင်ရာအချက်အလက်များအတွက် သုံးစွဲသူ၏ နီးစပ်ရာ စည်ပင်သာယာရေးအဖွဲ့အစည်းများဖြင့် ဆက်သွယ်ပါ။

နိုင်ငံ့ဥပဒေအရ စွန့်ပစ်ပစ္စည်းများ အပြစ်မဲ့ဖယ်ရှားရှင်းလင်းခြင်းဆိုင်ရာ ဒဏ်ခတ်ခြင်းများလည်းရှိနိုင်သည်။

# MEMO

Panasonic Corporation
http://www.panasonic.com
© Panasonic Corporation 2017